


# တို့ပိုင်သည့်မြေ တို့အုပ်ချုပ်မည်

လွန်ခဲ့သည့်နှစ်အတွင်း ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် မဟာမိတ်များသည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် နယ်မြေစိုးမိုးရေး သိသိသာသာ ရရှိခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (စကစ) ၏ စစ်စခန်း ၇၀ ကို သိမ်းယူခဲ့သည်။ ယင်းမှာ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်း စုစုပေါင်း စခန်း ၁၃၈ ခု သိမ်းယူခဲ့သည့်အနက် ထက်ဝက်ကျော် ဖြစ်သည်။ ထိုသို့ သိမ်းယူနိုင်ခဲ့ခြင်းဖြင့် နှစ်ပေါင်း ၄၀ အတွင်း ထိုင်း-မြန်မာနယ်စပ်၌ ကရင်ထိန်းချုပ်မှု နယ်မြေ အများဆုံးကို ပြန်လည်ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

SAC (စစ်ကောင်စီ) ၏ လေကြောင်းနှင့် လက်နက်ကြီး တိုးမြှင့် တိုက်ခိုက်မှုများက KNLA ၏ စစ်ရေး တိုးချဲ့မှုကို မရပ်တန့် နိုင်စေခဲ့သော်လည်း အရပ်သား ထိခိုက်ဒဏ်ရာရမှု များစွာ ဖြစ်ပွားစေခြင်းဖြင့် ကော်သူးလေ ခရိုင်များ အတွင်း စစ်ရှောင်အရေအတွက်ကို ၁ သန်းကျော်အထိ တိုးပွားသွားစေခဲ့သည်။

ယခုနှစ်အတွင်း ရေဘေးနှင့် စစ်ဘေးရှောင်လာရသည့် ပြည်သူများကို နယ်စပ်အခြေစိုက် လူထုအခြေပြုအဖွဲ့အစည်းများက အရေးပေါ်စားနပ်ရိက္ခာ အကူအညီများ ထောက်ပံ့ရေး ကြိုးပမ်းလုပ်ဆောင်ခဲ့သော်လည်း နိုင်ငံတကာအလှူရှင်များ၏ ပံ့ပိုးကူညီမှု အားနည်းခြင်းကြောင့် ထိထိရောက်ရောက် မကူညီနိုင်ခဲ့သည့်အပြင် တော်လှန်ရေးထိန်းချုပ်နယ်မြေများအထိ သွားရောက်ကူညီနိုင်ခြင်း မရှိဘဲ ရန်ကုန်အခြေစိုက် အေဂျင်စီများမှတဆင့် အကူအညီများကို ဆက်လက်ပို့ဆောင်ပေးနေရပါသည်။

ဖေဖော်ဝါရီ ၂၀၂၁ ခုနှစ် နောက်ပိုင်း သိမ်းပိုက်နိုင်ခဲ့သည့် သို့မဟုတ် စွန့်ခွာသွားစေနိုင်ခဲ့သည့် စစ်ကောင်စီ စစ်စခန်းများ




**KPSN အကြောင်း**

ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက် (KPSN) သည်မြန်မာနိုင်ငံအတွင်း ကရင်လူထုအခြေပြုအဖွဲ့အစည်းများပါဝင်သော အကြီးမားဆုံးသော ကွန်ယက်တစ်ခုဖြစ်သည်။ KPSN အဖွဲ့ဝင်များသည် လုံခြုံကင်းမဲ့သော ပဋိပက္ခသက်ရောက်မှုခံရသော ကရင်လူမှုအသိုင်းအဝန်းများ၊ ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသူများနှင့်ဒုက္ခသည်များအတွက် ဆယ်စုနှစ်ပေါင်းများစွာ လူသားစာနာမှု အထောက်အပံ့များ ကူညီပံ့ပိုးပေးလာခဲ့သည်။ KPSN သည် ဒေသခံ ကရင်တိုင်းရင်းသားမှုမှု အသိုင်းအဝန်းများကိုလုပ်ပိုင်ခွင့်များမြှင့်တင်ပေးခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများ မှတ်တမ်းတင်ပေးခြင်းနှင့် မြန်မာနိုင်ငံ ကရင်တိုင်းရင်းသားဒေသများအတွင်း ရေရှည်တည့်တန့်မည့်၊ တန်းတူညီမျှသော ငြိမ်းချမ်းရေးရရှိရေး စည်းရုံးလှုံ့ဆော်ခြင်းများဆောင်ရွက်သည်။

နိုဝင်ဘာလ ၂၀၂၄ ခုနှစ်

# အရှိန်အဟုန်မြင့်လာသည့် KNLA တိုးချဲ့မှု

| အာဏာသိမ်းမှု နောက်ပိုင်း ၄၂ လအတွင်း သိမ်းယူနိုင်ခဲ့သော သို့မဟုတ် စွန့်ခွာသွားစေနိုင်ခဲ့သော စစ်ကောင်စီ စစ်စခန်း စုစုပေါင်း (၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ မှ ၂၀၂၄ ခုနှစ် ဇူလိုင်) | | | | လွန်ခဲ့သည့် ၁၂ လတွင်း သိမ်းယူနိုင်ခဲ့သော သို့မဟုတ် စွန့်ခွာသွားစေနိုင်ခဲ့သော စစ်ကောင်စီ စစ်စခန်း စုစုပေါင်း (၂၀၂၃ ခုနှစ် ဩဂုတ် မှ ၂၀၂၄ ခုနှစ် ဇူလိုင်) |
|---|---|---|---|---|
| ခရိုင် | သိမ်းဆည်း | စွန့်ခွာ | စုစုပေါင်း | |
| ဒူးသထူ (သထုံ) | ၁ | ၁၇ | ၁၈ | ၀ |
| တောအူး (တောင်ငူ) | ၁ | ၁၂ | ၁၃ | ၇ |
| ခလယ်လွိထူး (ညောင်လေးပင်) | ၁၀ | ၁၆ | ၂၆ | ၇ |
| မဂွီး-တဖို့င်း (တနင်္သာရီ) | ၆ | ၅ | ၁၁ | ၁၁ |
| မူတြော် (ဖာပွန်) | ၁၄ | ၂၉ | ၄၃ | ၂၆ |
| ဒူးပလာယာ | ၂၁ | ၃ | ၂၄ | ၁၆ |
| ဖားအံ | ၀ | ၃ | ၃ | ၃ |
| **စုစုပေါင်း** | **၅၃** | **၈၅** | **၁၃၈** | **၇၀** |

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီမှ ၂၀၂၄ ခုနှစ် အလယ်ပိုင်းအထိ ကရင်ခရိုင်များတွင် တော်လှန်ရေးတပ်ဖွဲ့များ သိမ်းပိုက်နိုင်ခဲ့သည့် စစ်ကောင်စီ၏ စစ်စခန်း ၁၃၈ ခု အနက် ၂၀၂၃ ခုနှစ်လယ်မှ ၂၀၂၄ ခုနှစ်လယ်အထိ ကာလအတွင်း ထက်ဝက်ကျော် သိမ်းပိုက်နိုင်ခဲ့ခြင်း ဖြစ်သည်။ KNLA နှင့် မဟာမိတ်တပ်ဖွဲ့များ၏ စစ်ရေးနယ်မြေ ကျယ်ပြန့်လာကြောင်း ပြသနေပါသည်။

မကြာသေးမီကအထိ သိမ်းပိုက်နိုင်ခဲ့သည့် စခန်းများအနက် သုံးပုံတစ်ပုံသည် ထိုင်းနယ်စပ် သံလွင်မြစ်ကြောင်းတစ်ခုလုံးနီးပါး အပါအဝင် မူတြော်(ဖာပွန်)ခရိုင်နှင့် ဒူးပလာယာခရိုင်ရှိ စခန်း ၁၆ ခုသည် ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ လက်အောက်သို့ လုံးလုံးလျားလျားရောက်နေပြီဖြစ်သည်။ အများစုမှာ အာရှလမ်းမကြီးနှင့် ထိုင်းနယ်စပ်ကို ဆက်သွယ်ထားသော အခြားလမ်းပိုင်းများ တလျှောက်တွင် တည်ရှိသည်။ မြိတ်-ထားဝယ် ခရိုင်တွင် အာဏာသိမ်းမှု နောက်ပိုင်း သိမ်းယူခဲ့သည့် စခန်း ၁၁ ခုမှာ ယခင်နှစ်အတွင်း သိမ်းယူခဲ့ခြင်း ဖြစ်ပြီး တောင်ပိုင်းဒေသတွင် ကရင့်အမျိုးသားအစည်းအရုံး KNU ၏ စစ်ရေး လှုပ်ရှားမှု သိသိသာသာ တိုးတက်လာနေသည်ကို ဖော်ပြနေသည်။

စစ်ကောင်စီသည် လွန်ခဲ့သည့် လအတွင်းကပင် မဟာဗျူဟာမြောက် အရေးပါသည့် စစ်စခန်း အများအပြား ဆုံးရှုံးခဲ့သည်။ မြဝတီမြို့တောင်ဘက် ထိုင်းနယ်စပ်နယ်မြေမျဉ်းပေါ် ရှိ အဓိကလက်နက်ကြီး အခြေစိုက်စခန်းဖြစ်သည့် စွယ်တော်ကုန်းအမြောက်စခန်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် သိမ်းပိုက်နိုင်ခဲ့သည်။ စစ်ကောင်စီ၏ နောက်ဆုံး ခြေကုပ်စခန်းတခုဖြစ်သည့် ဖျာပုံရှိ ကော့ပူခြေလျင်တပ်စခန်းကိုလည်း အောက်တိုဘာလ ၂၉ ရက်တွင် သိမ်းပိုက်နိုင်ခဲ့သည်။ နိုဝင်ဘာလ ၁ ရက်နေ့တွင်လည်း သံလွင်မြစ် ဝိုင်းပတ်ထားသည့် ကစောဝါးလေး တောင်ထိပ်စခန်းကို ထပ်မံသိမ်းပိုက်နိုင်ခဲ့သည်။ ကစောဝါးလေး တောင်ထိပ်စခန်းသည် ၁၉၉၅ ခုနှစ် ဇန်နဝါရီလတွင် နဝတ အစိုးရက သိမ်းယူခဲ့သည့် ကရင်အမျိုးသားအစည်းအရုံး (KNU) အဓိက အခြေစိုက်ရုံးချုပ် မာနယ်ပလောစခန်း ဖြစ်ခဲ့ပြီး ယခု ကေအန်ယူက သမိုင်းတွင် ပထမဆုံး ပြန်လည်ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။



ဒူးပလာယာခရိုင်တွင် စွယ်တော်ကုန်းတောင်ထိပ်တွင် သိမ်းပိုက်ရရှိခဲ့သည့် စကစ စခန်း



မူတြော်ခရိုင်တွင် သိမ်းပိုက်ရရှိခဲ့သည့် စကစ စခန်း။ နိုဝင်ဘာလ ၉ ရက်၊ ၂၀၂၄ ခုနှင့်

သိမ်းဆည်းရမိသော သို့မဟုတ် စွန့်ခွာခဲ့သော စစ်ကောင်စီ စခန်း အမည်များ (၂၀၂၁ ခုနှစ် ဖေဖော်ဝါရီမှ ၂၀၂၄ ခုနှစ်ဇူလိုင်)



## ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ စစ်ကောင်စီစခန်း ဆုံးရှုံးမှုကိုပြသသည့် မြေမျက်နှာသွင်ပြင်နှင့် အခြေခံအဆောက်အဦမြေပုံ




ကရင်နီပြည်(ကယား) တော်လှန်ရေးတပ်ပေါင်းစု (KRF) သိမ်းပိုက်နိုင်ခဲ့သည့် SAC စခန်းအများစု။ (ကိုးကား- ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်)

ဖော်ပြပါမြေပုံမှ ပြသချက်အရ စစ်တောင်းမြစ်ဝှမ်း၏ အရှေ့စွန်း တွင်ရှိသော တောင်များအပေါ်တွင် တော်လှန်ရေးတပ်ဖွဲ့များ၏ နယ်မြေ ထိန်းချုပ်မှု အသာစီးရလာသည်နှင့်အမျှ နေပြည်တော်နှင့် ရန်ကုန်အကြား စစ်အုပ်စု၏ ဗဟို ဆက်သွယ်ရေးလမ်းကြောင်းကို ခြိမ်းခြောက်မှု မြင့် တက်လာနေသည်။

ထိုင်း-မြန်မာနယ်စပ်ရှိနယ်မြေအတော်များများကို တော်လှန်ရေး တပ်ဖွဲ့များက သိမ်းပိုက်ထားကြောင်းလည်း မြေပုံက ဖော်ပြနေသည်။ စစ်ကောင်စီသည် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင်နှင့်ဆက်စပ်နေသ ည့် ကရင်ပြည်နယ် မြောက်ပိုင်းနှင့် ကရင်နီပြည်နယ် ဆက်စပ်နယ်မြေ များကိုသာမက ထိုင်းနယ်စပ် တာ့က်ခရိုင်တောင်ပိုင်းနှင့်ဆက်စပ်နေသည့် မြဝတီမြို့တောင်ဘက် နယ်မြေ အများအပြားကိုလည်း ဆုံးရှုံးခဲ့ရသည်။

## ယခင်နှစ်အတွင်း တိုးများလာသော အရပ်သားများ အပေါ် စစ်ကောင်စီ၏ လေကြောင်းနှင့် လက်နက်ကြီး တိုက်ခိုက်မှုများ

စကစ၏လေကြောင်းနှင့်လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုအကြိမ်ရေ နှိုင်းယှဉ် - အာဏာသိမ်းပြီးနောက်အစောပိုင်းကာလနှင့် လက်ရှိကာလ




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစတင်ပြီး စကစ ၏ လေကြောင်းနှင့်လက်နက်ကြီး တိုက်ခိုက်ပစ်ခတ်မှုများကြောင့် အရပ်သားပြည်သူထိခိုက်သေဆုံးမှုများ




| စဉ် | ခရိုင် | လက်နက်ကြီးပစ်ခတ်မှု/ လေကြောင်းတိုက်ခိုက်မှုများ | ထိခိုက်သေဆုံးမှုများ | လက်နက်ကြီးပစ်ခတ်မှု/ လေကြောင်းတိုက်ခိုက်မှုများ | ထိခိုက်သေဆုံးမှုများ |
|---|---|---|---|---|---|
| | | ဖေဖော်ဝါရီ ၂၀၂၁ - ဇူလိုင် ၂၀၂၂ | | ဩဂုတ် ၂၀၂၃ - ဩဂုတ် ၂၀၂၄ | |
| ၁ | ဒူးသထူ | ၃၂၇ | ၁၂၇ | ၅၈၇ | ၁၇၄ |
| ၂ | တောအူး | ၂၉ | ၂၅ | ၇၉ | ၅၈ |
| ၃ | ခလယ်လွီထူ | ၂၉၃ | ၁၀၁ | ၂၆၄ | ၂၆၄ |
| ၄ | မဘွီး-တဘို့င်း | - | - | ၃ | ၁ |
| ၅ | မူတြော် | ၅၉၂ | ၁၄၈ | ၄၁ | ၃၇ |
| ၆ | ဒူးပလာယာ | ၃၅၄ | ၂၁၀ | ၁၀ | ၃၅ |
| ၇ | ဖားအံ | - | - | - | - |
| | စုစုပေါင်း | ၁,၅၉၅ | ၆၁၁ | ၉၈၄ | ၅၆၉ |

အရပ်သားပြည်သူတွေ နေထိုင်သည့် အရပ်ဒေသများကို ပစ်မှတ်ထား တိုက်ခိုက်သည့် SAC ၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်မှု အကြိမ်ရေသည် ယခင်လပေါင်း ၃၀ ကထက် ပြီးခဲ့သည့် ၁၃ လအတွင်း နယ်မြေဒေသ အများအပြားတွင် သိသိသာသာ တိုးလာကြောင်း မြေပုံတွင် ပြသနေပါသည်။ ကရင်ပြည်နယ် ဒူးသထူနှင့် တောအူးခရိုင်များတွင်လည်း အလားတူ တိုက်ခိုက်မှုများ သိသိသာသာ တိုးလာနေပြီး ခလယ်လွှီထူးခရိုင်တွင်လည်း တိုက်ခိုက်မှုအကြိမ်ရေ တိုးလာနေဆဲ ဖြစ်ပါသည်။

စစ်ကောင်စီ အဓိကခံစစ်နယ်မြေဖြစ်သည့် အလယ်ပိုင်းမြေပြန့်ဒေသနှင့် အခြေစိုက်စခန်းများသို့ အဓိကဆက်သွယ်ပေးသည့် ထောက်ပံ့ရေးလမ်းကြောင်း နယ်မြေနှင့် ခရိုင်အတော်များများကို KNLA က ပြန်လည်သိမ်းပိုက်ရရှိနိုင်ခဲ့သည်။

မူတြော်နှင့် ဒူးပလာယာ ခရိုင်များတွင် စစ်ကောင်စီ၏ တိုက်ခိုက်မှုများ လွန်ခဲ့သော ၂ နှစ်ခွဲနှင့် နှိုင်းယှဉ်ပါက ပြီးခဲ့သည့်နှစ်အတွင်း သိသိသာသာ လျော့ကျလာသည်ကို တွေ့ရပြီး အဓိကအကြောင်းရင်းမှာ ဤခရိုင်များအတွင်း စစ်ကောင်စီ၏ ထိန်းချုပ်နိုင်မှု လျော့ရဲလာခြင်းနှင့် လက်နက်ကြီး အသုံးပြုနိုင်မှု လျော့နည်းလာခြင်းတို့ကြောင့် ဖြစ်သည်။

မူတြော်နှင့် ဒူးပလာယာခရိုင်များတွင် စစ်ကောင်စီ၏ လေကြောင်းနှင့် လက်နက်ကြီး တိုက်ခိုက်မှု လျော့နည်းသွားပြီး ယင်းသည် အရပ်သားထိခိုက်သေဆုံးမှု အနည်း၊ အများကို ထင်ဟပ်နေပါသည်။ ဒူးသထူနှင့် တောအူးခရိုင်များတွင် စစ်ကောင်စီ၏ လေကြောင်းနှင့် လက်နက်ကြီး တိုက်ခိုက်မှု တိုးမြင့်လာသော်လည်း KNLA ထိန်းချုပ်နယ်မြေများ ဖြစ်လာသည့် ခလယ်လွှီထူခရိုင်ရှိ လူနေထူထပ် မုန်းမြို့နှင့် ကျောက်ကြီးမြို့များတွင် စဉ်ဆက်မပြတ် တိုက်ခိုက်မှုများကြောင့် အရပ်သား ထိခိုက်သေဆုံးမှုမှာ နှစ်ဆ မြင့်တက်သွားခဲ့သည်။

| စစ်ကောင်စီ လေကြောင်းတိုက်ခိုက်မှု သို့မဟုတ် လက်နက်ကြီးများကြောင့် ပျက်စီးသော လူထု အဆောက်အဦများ (၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ- ၂၀၂၄ ခုနှစ် ဩဂုတ်) | | | | | |
|---|---|---|---|---|---|
| စဉ် | ခရိုင် | ကျောင်းများ | ဆေးရုံ/ ဆေးခန်းများ | ဘုရား ကျောင်းများ | ဘုန်းကြီးကျောင်းများ |
| ၁ | ဒူးသထူ | ၂ | ၂ | ၀ | ၄ |
| ၂ | တောအူး | ၂ | ၃ | ၄ | ၂ |
| ၃ | ခလယ်လွှီထူ | ၇ | ၅ | ၆ | ၁၅ |
| ၄ | မဂွီး-တဗိုင်း | ၀ | ၁ | ၀ | ၀ |
| ၅ | မူတြော် | ၈ | ၄ | ၇ | ၂ |
| ၆ | ဒူးပလာယာ | ၃ | ၅ | ၆ | ၈ |
| ၇ | ဖားအံ | ၀ | ၁ | ၀ | ၀ |
| | **စုစုပေါင်း** | **၂၂** | **၂၁** | **၂၃** | **၃၁** |




အာဏာသိမ်းမှု နောက်ပိုင်း စစ်ကောင်စီ၏ လေကြောင်းနှင့် လက်နက်ကြီး တိုက်ခိုက်မှုများကြောင့် ထိခိုက်ပျက်စီးရသော ကျောင်းများ၊ ဆေးရုံများနှင့် ဘာသာရေး အဆောက်အဦများပြ ဇယားက ဒေသခံ လူစုလူဝေး နေရာများကို တိုက်ရိုက် ပစ်မှတ်ထား ဖြိုခွဲသည့်ပုံစံဖြင့် အရပ်သား ထိခိုက်ဒဏ်ရာရမှုများ အမြင့်ဆုံး ဖြစ်စေရန် အဓိကရည်ရွယ် လုပ်ဆောင်နေခြင်း ဖြစ်သည်။





စကစ လေကြောင်နှင့်လက်နက်ကြီးတိုက်ခိုက်မှုကြောင်အရပ်သားပြည်သူနဲ့ကလေးငယ်များမူတြော်ခရိုင်တောထဲတွင်စာသင်ယူနေခြင်း

# ကော်သူးလေ စစ်ရှောင် အရေအတွက် တစ်သန်းကျော်အထိ မြင့်မားလာ

ကော်သူးလေခရိုင်များအတွင်း ပြောင်းလဲလာသောစစ်ရှောင်အရေအတွက်များ ဩဂုတ်လ ၂၀၂၂ ခုနှစ် - စက်တင်ဘာလ ၂၀၂၄ ခုနှစ်



ကော်သူးလေခရိုင်များအတွင်း စစ်ဘေးရှောင်ဦးရေအပြောင်းအလဲဩဂုတ်လ ၂၀၂၂ ခုနှစ် - စက်တင်ဘာလ ၂၀၂၄ ခုနှစ်

| စဉ် | ခရိုင် | ဩဂုတ် ၂၀၂၂ | ဖေဖော်ဝါရီ ၂၀၂၃ | စက်တင်ဘာ ၂၀၂၃ | ဒီဇင်ဘာ ၂၀၂၃ | စက်တင်ဘာ ၂၀၂၄ |
|---|---|---|---|---|---|---|
| ၁ | ဒူးသထူ | ၇၄,၇၀၇ | ၁၂၈,၅၃၀ | ၁၃၈,၅၃၀ | ၁၄၃,၅၂၉ | ၁၁၁,၂၇၄ |
| ၂ | တောအူး | ၇,၅၃၇ | ၃၇,၄၃၅ | ၃၈,၅၄၇ | ၂၀,၁၅၂ | ၁၈၁,၅၀၉ |
| ၃ | ခလယ်လွီထူ | ၆၁,၉၆၈ | ၁၄၂,၈၆၁ | ၂၁၆,၇၅၄ | ၂၄၈,၁၆၀ | ၄၃၀,၁၆၁ |
| ၄ | မဂွီး-တဖိုင်း | ၂၁,၆၁၄ | ၁၁,၈၂၀ | ၃၁,၀၃၃ | ၇၅,၁၈၅ | ၁၁၉,၈၂၆ |
| ၅ | မူတြော် | ၉၆,၁၇၉ | ၁၀၄,,၄၇၁ | ၈၈,၀၉၀ | ၉၁,၆၉၃ | ၃၈,၃၉၆ |
| ၆ | ဒူးပလာယာ | ၈၅,၄၈၂ | ၉၇,၅၅၅ | ၁၁၇,၄၇၁ | ၁၅၀,၉၆၉ | ၁၅၁,၈၈၀ |
| ၇ | ဖားအံ | - | ၁၀,၀၀၀ | ၆,၉၈၉ | ၂၂,၉၈၁ | ၁၉,၆၈၃ |
| | စုစုပေါင်း | ၃၄၇,၅၀၃ | ၅၃၂,၆၇၂ | ၆၃၇,၄၁၄ | ၇၅၂,၆၆၉ | ၁,၀၅၂,၇၂၉ |

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းချိန်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ကော်သူးလေတွင် စစ်ဘေးရှောင် ၁ သန်းကျော်အထိ ရောက်ရှိသွားခဲ့သည်။ ယင်းမှာ ၂၀၂၃ ခုနှစ် နှစ်ကုန်ကထက် ၄၀ ရာခိုင်နှုန်း တိုးမြင့်လာပြီး စစ်ဘေးရှောင်ဦးရေ စုစုပေါင်း ၇၅၂,၆၉၉ ရှိလာခြင်း ဖြစ်ပါသည်။

ခလယ်လွီထူနှင့် တောအူး ခရိုင်များသည် စစ်ဘေးရှောင်အများဆုံး ခရိုင်များဖြစ်ပြီး KNLA နှင့် မဟာမိတ်များက အရှေ့ဘက် တောင်တန်းဒေသများကို ထိန်းချုပ်မှု တိုးချဲ့လာသည်နှင့်အမျှ စစ်ကောင်စီ၏ မြေပြန့်အခြေစိုက် နယ်မြေများ ဖြစ်သည့် စစ်တောင်းမြစ်ဝှမ်းနှင့် နေပြည်တော် စစ်ဌာနချုပ်တို့နှင့် ပိုမိုနီးကပ်လာနေခြင်း ဖြစ်သည်။ KNLA ၏ ထိန်းချုပ်နယ်မြေများ ဖြစ်လာသည့် မုန်းနှင့် ကျောက်ကြီးနယ်မြေများကို စစ်ကောင်စီက လေကြောင်းနှင့် လက်နက်ကြီးများဖြင့် ပစ်မှတ်ထား တိုက်ခိုက်ခြင်းကြောင့် စစ်ဘေးရှောင်ဦးရေ ပိုမိုများပြားလာစေခဲ့သည်။

ဒူးသထူ ခရိုင်တွင်မူ လွန်ခဲ့သည့်နှစ်အတွင်းက စစ်ကောင်စီ၏ လေကြောင်းနှင့် လက်နက်ကြီး တိုက်ခိုက်မှုများကြောင့် အရပ်သား ထိခိုက်သေဆုံးမှု အများအပြား ရှိသော်လည်း ခလယ်လွီထူကဲ့သို့ စစ်ရှောင်ဦးရေ မမြင့်မားခြင်းမှာ အဓိက အားဖြင့် တိုက်ခိုက်မှုများသည် မူတြော် ခရိုင်အတွင်းသို့ ထောက်ပံ့ရေး လမ်းကြောင်းတလျှောက် စစ်ကူဖြည့်တင်းမှုကို တားဆီးကာကွယ်ခြင်းကြောင့် ဖြစ်ပြီး ဒူးသထူ ခရိုင်တွင် တိုက်ပွဲဖြစ်ပွားနေမှု အမြဲမရှိခြင်းကြောင့် ဖြစ်သည်။ တိုက်ပွဲဖြစ်ပွားမှုများ နည်းပါးသွားသော်လည်း စစ်ဘေးရှောင်များအနေဖြင့် ယခုအချိန်အထိ နေရပ်ပြန်နိုင်ခြင်း မရှိသေးပါ။



ကျုံခဝမ်ရွာ၊ ဝင်းရေမြို့နယ်တွင် တိုက်ပွဲမရှိဘဲ အာဏာသိမ်းစစ်ကောင်စီက ဂျက်ဖိုက်တာလေယာဉ်ဖြင့် လေကြောင်းတိုက်ခိုက်ခဲ့သည်။ စက်တင်ဘာ ၉ ရက်၊ ၂၀၂၄ ခုနှစ်



ကျုံခဝမ်ရွာ၊ ဝင်းရေမြို့နယ်တွင် တိုက်ပွဲမရှိဘဲ အာဏာသိမ်းစစ်ကောင်စီက ဂျက်ဖိုက်တာလေယာဉ်ဖြင့် လေကြောင်းတိုက်ခိုက်ခဲ့သည်။ စက်တင်ဘာ ၉ ရက်၊ ၂၀၂၄ ခုနှစ်



စစ်ကောင်စီ၏ ပစ်ခတ်မှုကြောင့် အနန်းကွင်းကျေးရွာ, ဒူးပလာယခရိုင်ရှိ ဘုန်းကြီးကျောင်းနှင့် အရပ်သားဆေးပေးခန်း မီးလောင်ပျက်စီးခဲ့ရသည်။

# ကော်သူးလေအတွင်း စစ်ဘေးရှောင်များထံ နယ်စပ်ဖြတ်ကျော် ရိက္ခာ အကူအညီ တိုးချဲ့ဖြန့်ဖြူးမှု

ကရင်အဖွဲ့အစည်းများ၏ လူသားချင်းစာနာမှုအကူအညီတုံ့ပြန်မှု အကျိုးခံစားခွင့်ရရှိသူများ စားနပ်ရိက္ခာရရှိမှု တည်နေရာ ဇန်နဝါရီလ ၂၀၂၃ ခုနှစ်- ဩဂုတ်လ ၂၀၂၄ ခုနှစ်




နယ်စပ်ဖြတ်ကျော်ထောက်ပံ့ကူညီမှုရရှိခဲ့သော အကျိုးခံစားခွင့်ရရှိသူများ နှိုင်းယှဉ်ချက် အာဏာသိမ်းမှုအစောပိုင်းကာလ - လက်ရှိကာလ




စကစ၏ လေကြောင်းနှင့် လက်နက်ကြီး တိုက်ခိုက်မှု အကြိမ်ရေ နှိုင်းယှဉ်ချက် - အာဏာသိမ်းပြီးနောက် အစောပိုင်းကာလနှင့် လက်ရှိကာလ

| စဉ် | ခရိုင် | အကျိုးခံစားခွင့်ရရှိသူများ ဖေဖော်ဝါရီ ၂၀၂၁-ဇူလိုင် ၂၀၂၂ (၁၈ လ) | အကျိုးခံစားခွင့်ရရှိသူများ ဇန်နဝါရီ ၂၀၂၃-ဩဂုတ် ၂၀၂၄ (၂၀ လ) |
|---|---|---|---|
| ၁ | ဒူးသထူ | ၅၄,၁၅၄ | ၁၁၈,၄၆၀ |
| ၂ | တောအူး | ၁၆,၃၇၈ | ၅၅,၅၆၂ |
| ၃ | ခလယ်လွီထူ | ၄၃,၁၂၇ | ၁၈၇,၀၆၃ |
| ၄ | မဂွီး-တဖွိုင်း | ၅၆,၁၇၇ | ၁၀၂,၄၅၅ |
| ၅ | မူတြော် | ၁၃၁,၄၄၇ | ၂၂၂,၂၆၉ |
| ၆ | ဒူးပလာယာ | ၈၁,၉၁၀ | ၂၁၁,၄၃၄ |
| ၇ | ဖားအံ | ၄,၉၀၁ | ၄၂,၆၁၅ |
| | **စုစုပေါင်း** | **၃၈၈,၀၉၄** | **၉၃၉,၈၅၈** |

စုစုပေါင်း စစ်ရှောင်ဦးရေသည် ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ၃၄၇,၀၀၀ ရှိရာမှ ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ၁ သန်းကျော်သွားသကဲ့သို့ ကရင်လူသားချင်းစာနာမှု အဖွဲ့အစည်းများ၏ တုံ့ပြန်မှုသည်လည်း အလားတူပင် ၃ ဆ တိုးမြင့်လာခဲ့သည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ မှ ၂၀၂၄ ဩဂုတ်လအတွင်း အကျိုးခံစားခွင့်ရှိသူ ၉၄၀,၀၀၀ နီးပါးကို အကူအညီများ ပေးခဲ့သည်။ နှိုင်းယှဉ်ပါက လွန်ခဲ့သည့် ၁၈ လအတွင်းတွင် ၃၈၈,၀၀၀ သာ ရှိခဲ့သည်။

ကရင် ကယ်ဆယ်ရေး အဖွဲ့အစည်းများက တိုးများလာသော လိုအပ်ချက်များကို တုံ့ပြန်လျက် ၎င်းတို့၏ ဝေခြမ်းနိုင်စွမ်းကိုလည်း မြှင့်တင်နိုင်ခဲ့သည်။ ဥပမာ- မြန်မာပြည် အလယ်ပိုင်းရှိ စစ်တောင်းမြစ်ဝှမ်းနှင့် ကပ်လျက်ရှိနေသော ခလယ်လွိထူ ခရိုင်တွင် ၎င်းတို့သည် စစ်အာဏာသိမ်း အစောပိုင်းကာလတွင် အကျိုးခံစားခွင့် ရှိသူ ၄၃,၀၀၀ ခန့်ကို အကူအညီများ ပေးနေရာမှ အလားတူ ကာလဖြစ်သည့် ၂၀၂၄ ခုနှစ် ဩဂုတ်လ အထိကာလအတွင်းတွင် ယခု အခါ ၁၈၇,၀၀၀ ဦးအထိ ၄ ဆတိုးပြီး ထောက်ပံ့လာနိုင်ခဲ့သည်။

ကော်သူးလေ၏နယ်မြေအားလုံးတွင် အကူအညီများကို လုံလုံလောက်လောက်နှင့် ထိထိရောက်ရောက် ဖြန့်ဖြူးနိုင်စွမ်းရှိသော်လည်း အကြီးမားဆုံး စိန်ခေါ်မှုမှာ နယ်စပ်ဖြတ်ကျော်ပြီး တိုက်ရိုက် ထောက်ပံ့အကူအညီမပေးနိုင်ခြင်းဖြစ်သည်။ စစ်ကောင်စီ ထိန်းချုပ်နယ်မြေများတွင်သာ လှုပ်ရှားနိုင်သည့် ရန်ကုန်အခြေစိုက် အေဂျင်စီများမှတဆင့်သာ အကူအညီအများစုကို ပေးနေရသောကြောင့် နိုင်ငံတကာ အလှူရှင်များအနေဖြင့် အလိုအပ်ဆုံးနှင့် ပဋိပက္ခ သက်ရောက်မှုအခံရဆုံး လူထုကို လက်လှမ်းမမီဘဲ ဖြစ်နေသည်။ အမှန်တကယ်အားဖြင့် ဤထောက်ပံ့ကူညီမှုများသည် တိုက်ရိုက် နယ်စပ်ဖြတ်ကျော် လုပ်ဆောင်ရမည် ဖြစ်သည်။

သို့ဖြစ်ရာစစ်ဘေးရှောင်အရေအတွက် အများအပြား ရှိသော်ငြားလည်း ကရင်အဖွဲ့အစည်းများက အမှန်တကယ်လိုအပ်သည့် ၆ လစာ စားနပ်ရိက္ခာ အစား လူတစ်ဦးလျှင် ၃ လအထိသာ လုံလောက်သော စားနပ်ရိက္ခာ ပမာဏကိုသာ ပေးနိုင်ခဲ့သည်။



ဒူးသထူခရိုင်တွင် ကျေးရွာအရပ်ရပ်မှ စစ်ဘေးရှောင် ပြည်သူများ



ဒူးပလာယာခရိုင်တွင် ကျေးရွာအရပ်ရပ်မှ စစ်ဘေးရှောင်ပြည်သူများ



ဒူးသထူခရိုင်တွင်ရှိသော စစ်ဘေးရှောင်ပြည်သူများ ကရင်အရပ်ဘက်အကျိုးပြုအဖွဲ့အစည်းမှထောက်ပံ့ရန်ပုံငွေများ လက်ခံရရှိ



ဒူးပလာယာခရိုင်တွင် ကရှုသုကျေးရွာမှရောက်ရှိလာသောစစ်ဘေးရှောင်ပြည်သူများ



ဒူးသထူခရိုင်အတွင်း စကစ၏လေကြောင်းတိုက်ခိုက်မှုကြောင့်ထိခိုက်ဒဏ်ရာရရှိသော အမျိုးသမီးပြည်သူတစ်ဦး



ဒူးသထူခရိုင်အတွင်း စကစ၏လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသော ကလေးငယ်တစ်ဦး



စက်တင်ဘာလ ၁၃ ရက်၊၂၀၂၄ ကျိုက်ထိုမြို့နယ်တွင် စကစ၏လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုကြောင့်ပျက်စီးသွားသောရော်ဘာခြံနှင့်သေဆုံးသွားသောတိရစ္ဆာန်များ

# ပြင်းထန်သော ရေကြီးရေလျှံမှုများက ကော်သူးလေ၏ အစားအစာ အကျပ်အတည်းကို ပိုဆိုးစေသည်။

အရပ်သား၊ အရပ်ဘက်အခြေခံအဆောက်အဦနှင့် ရိက္ခာသိုလှောင်ရာ နေရာများအပေါ် စစ်ကောင်စီ၏ တိုက်ခိုက်မှု တိုးမြင့်လာခြင်းက စစ်ဘေးရှောင်ဦးရေတိုးလာရခြင်း အဓိကအကြောင်းရင်းဖြစ်သည်။ ထို့အပြင် ၂၀၂၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံသဘာဝဘေးအန္တရာယ်များက ကော်သူးလေတွင် စစ်ဘေးရှောင် ၁ သန်းကျော် ကြုံတွေ့နေရသည့် စားနပ်ရိက္ခာအကျပ်အတည်းကို ပိုမိုကြီးမားစေခဲ့သည်။

ဇူလိုင်လမှ စက်တင်ဘာလအထိ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများက ကော်သူးလေအတွင်းရှိ တောအူး၊ မူတြော်၊ ဖားအံ၊ နှင့် ဒူးသထူ ခရိုင်များရှိ စပါးခင်း အများအပြားကို ပိုးကျ ပျက်စီးစေခဲ့သည်။ ရလဒ်အားဖြင့် ပျက်စီးဆုံးရှုံးရန်ရှိသော ခရိုင်များသည် ၂၀၂၄ ခုနှစ်က ရိတ်သိမ်းခဲ့သော စပါး၏ ၅၀ ရာခိုင်နှုန်းကိုပင် ထုတ်လုပ်နိုင်ရန် အလားအလာ မရှိတော့ပေ။ စပါးသီးနှံများကို ပုံမှန်အားဖြင့် အောက်တိုဘာ၊ နိုဝင်ဘာလများတွင် ရိတ်သိမ်းလေ့ရှိပြီး နောက်တစ်သီးမှာ ၂၀၂၅ ခုနှစ်ကုန်အထိ ရှိတော့မည် မဟုတ်ပေ။

ယင်းသည် စားနပ်ရိက္ခာ ထောက်ပံ့မှုကို သိသိသာသာ သက်ရောက်မှု ရှိစေသည်။ ပထမအနေဖြင့် အခြေအနေနှင့်အညီ ဒေသထွက် ဆန်စျေးနှုန်းမှာ မြင့်တက်သွားမည်ဖြစ်ပြီး လက်ရှိ ၁ လမှ ၃ လ စာ စားနပ်ရိက္ခာ ပံ့ပိုးငွေအတိုင်းအတာသည် ယင်း၏ အစိတ်အပိုင်း တစ်ခုကိုသာ ဝယ်ယူနိုင်ပေတော့မည်။ ဒုတိယအနေဖြင့် ဒေသထွက်ဆန်သည် အနိမ့်ဆုံး ရှင်သန်မှု အဆင့်အထိ လုံလောက်မှု ရှိတော့မည် မဟုတ်ပေ။

နယ်မြေအချို့ရှိ ရပ်ရွာအခြေပြု လူထုအဖွဲ့အစည်းများက နွေရာသီတွင် စပါးစိုက်ပျိုးနိုင်စေရန် ဆည်မြောင်းစီမံကိန်းအသစ်များ ဖော်ထုတ်ရန် အစီအစဉ်များ ရေးဆွဲခြင်းနှင့် ဆန်စပါး အစား ပီလောပီနံ ကဲ့သို့ အစားထိုးသီးနှံများ စိုက်ပျိုးခြင်းဖြင့် ဆန်စပါးပြတ်လပ်မှုကို ဖြေရှင်းနိုင်ရန် စီစဉ်ဆောင်ရွက်နေပြီ ဖြစ်သည်။










မူတြော်ခရိုင်တွင်ပြင်းထန်သော ရေကြီးရေလျှံမှုများနှင့်ပိုးကျမှုများကြောင့် ပြည်သူပိုင် စပါးခင်များပျက်စီးပုံ

# စစ်ရှောင် စားနပ်ရိက္ခာ အကျပ်အတည်းကို ဖြေရှင်းရန် အရေးပေါ်ရန်ပုံငွေ လိုအပ်ချက်



မူတြော်ခရိုင်တွင် ပါဟဲကျေးရွာမှရောက်ရှိလာသောစစ်ဘေးရှောင် ကျောင်းသား/သူများစာသင်ယူနေပုံ



ဒူးပလာယာခရိုင်တွင် ကရူသုကျေးရွာမှရောက်ရှိလာသောစစ်ဘေးရှောင် ပြည်သူများ

၂၀၂၄ ခုနှစ် စက်တင်ဘာလကုန်တွင်ရှိလာသော ကော်သူးလေရှိ စစ်ရှောင်ဦးရေ ၁,၀၅၂,၇၂၉ ဦးတို့အတွက် ၂၀၂၅ ခုနှစ်တွင် စစ်ရှောင်တစ်ဦးချင်းအတွက် ၆ လစာ ဆန်ထောက်ပံ့မှု ပေးရန် အနည်းဆုံး အမေရိကန် ဒေါ်လာ ၁၁၄ သန်း လိုအပ်လျက်ရှိသည်။

ယင်းတွင် ဒေသတွင်း ဆန်ထောက်ပံ့မှု မလုံလောက်ခြင်းနှင့် ထပ်ဆောင်း ရန်ပုံငွေများ လိုအပ်လာစေမည့် အခြားနယ်မြေများမှ ဆန်တင်ပို့ရန် လိုအပ်မှုများကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိသေးပါ။ စားနပ်ရိက္ခာ၊ လုံခြုံရေး အကျပ်အတည်းကို ဖြေရှင်းရန် လူထု စိုက်ပျိုးရေး စီမံကိန်းအသစ်များကို ပံ့ပိုးရန် ရန်ပုံငွေထောက်ပံ့မှုများလည်း လိုအပ်မည် ဖြစ်သည်။

စစ်ရှောင်များ၏ စားနပ်ရိက္ခာ အကျပ်အတည်းကို မဖြေရှင်းနိုင်ပါက ကော်သူးလေမှ ထွက်ခွာလာနေသော ဒုက္ခသည် အရေအတွက်သည် အကြီးအကျယ် တိုးများလာပါလိမ့်မည်။



စကစ၏အခြေစိုက်စခန်းဖြစ်သော စွယ်တော်ကုန်းအမြောက်စခန်း (ခေါ်) ဝမီသူးခီးကို တော်လှန်ရေးတပ်ပေါင်းစုများမှ သိမ်းယူနိုင်ခဲ့ပုံ



ဒူးပလာယာခရိုင်တွင်ရှိတော်လှန်ရေးတပ်ပေါင်းစုများမှ စကစ၏စစ်စခန်းများကို သိမ်းယူနိုင်ခဲ့ပုံ



မယ်ခါးထာမူတြော်ခရိုင်တွင်ရှိ စကစ၏စစ်စခန်းကို တော်လှန်ရေးတပ်ပေါင်းစုများမှသိမ်းယူနိုင်ခဲ့ပုံ